# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်းမကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကိုပြီးစီးစေရာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၁)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ၌ စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ၌ ဒေသတွင်း နေကြာမျိုးကောင်းမျိုးသန့်များဖူလုံပြီး ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေဆင်း(၂)နေကြာမျိုးကောင်းမျိုးသန့်များနှင့်စိုက်ပျိုးနည်းပညာများကူညီရယူကာ စိုက်ပျိုးထားသော မျိုးစေ့ထုတ်ဆောင်းနေကြာစိုက်ခင်းများ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ ○**

## ရန်ကုန်တိုင်းဒေသကြီး၌ နေ့စဉ် မော်တော်ယာဉ် အစီးရေ သုံးသောင်းကျော်အတွက် CNG များ ရောင်းချပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)အရောင်းဆိုင်များမှ နေ့စဉ်မော်တော်ယာဉ်အစီးရေ သုံးသောင်းကျော်အတွက် CNG များ ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ သိရသည်။

"မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ CNG အရောင်းဆိုင် ၄၁ ဆိုင်ရှိတဲ့အနက် လှိုင်သာယာမြို့နယ်မှာရှိတဲ့ တစ်ဆိုင်ကိုတော့ အကြီးစားပြင်ဆင်မှုတွေ

**စာမျက်နှာ ၇ ကော်လံ ၁ ◆**



**၁၃-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**MSME တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ**

ဆောင်းပါး စာ - ၁၃ သို့

**(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ကျင်းပမည်**

စာ - ၁၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်)

# ရှေးဟောင်းဝတ္ထုပစ္စည်းများထိန်းသိမ်းစောင့်ရှောက်

ရှေးဟောင်းဝတ္ထုပစ္စည်းများသည် သမိုင်းခေတ်ကာလတစ်ခုကို ဖော်ညွှန်းပြသနိုင်သည့်အသုံးပြုမှု၊ အနုပညာလက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းဆိုင်ရာတန်ဖိုးရှိမှုများရှိပြီး နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းဟုသတ်မှတ်ထားသည်။ နိုင်ငံတော်သီချင်းတွင် ဖော်ပြထားသကဲ့သို့ ဘိုးဘွားအမွေအနှစ်မို့ချစ်မြတ်နိုးရမည်၊ ထိန်းသိမ်းရမည်မှာ မျိုးဆက်သစ်တို့တာဝန်ဖြစ်သည်။ ရှေးယခင် ဘိုးဘေးဘီဘင်များလက်ထက်ပြုလုပ်သုံးစွဲခဲ့ကြသည့် ဝတ္ထုပစ္စည်းများသည် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုသမိုင်းကြောင်း ခိုင်ခိုင်မာမာပြည့်ပြည့်စုံစုံရှိသည့်နိုင်ငံဖြစ်သည်ဟု ဂုဏ်ယူနေရခြင်းမှာ ဘိုးဘွားတို့၏ယဉ်ကျေးမှုအမွေအနှစ်များကြောင့်ဖြစ်သည်။ ထိုပစ္စည်းများသည် နိုင်ငံ၏ယဉ်ကျေးမှုတန်ဖိုးနှင့်ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းပြသနေသည့်ဝတ္ထုပစ္စည်းများဖြစ်သည်။

ထိုရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို ရှေးဟောင်းဒေသနှင့်ဆက်စပ်လျက်ရှိသည့်နေရာများ၌ သုတေသနပြုလေ့လာခြင်းဖြင့်တွေ့ရှိနိုင်သကဲ့သို့ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျင်းတူးခြင်းစသည့်လုပ်ငန်းများဆောင်ရွက်စဉ် မတော်တဆတွေ့ရသည်။ ထိုသို့မတော်တဆတွေ့ရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ကို မသိနားမလည်ကြသူများက တွေ့ရှိပစ္စည်းများသည် ရွှေထည်များ၊ ရွှေထည်ကဲ့သို့တန်ဖိုးရှိသည့်ပစ္စည်းများဖြစ်လျှင် ချက်ချင်းထုခွဲရောင်းချလေ့ရှိသည်။ ထိုကဲ့သို့ မသိနားမလည်မှုဖြင့် လုပ်ဆောင်ချက်များသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်သက်ဆိုင်သည့်ဥပဒေကို ချိုးဖောက်ကျူးလွန်ခြင်းဖြစ်သည်။ ဥပဒေကိုချိုးဖောက်မိသည်နှင့် တစ်နေ့နေ့တွင် ဥပဒေအရအရေးယူခြင်းခံကြရမည်ဖြစ်သည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို နိုင်ငံတော်သို့အပ်နှံပါက ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ပြင် သတင်းမီဒီယာများတွင်လည်း ဤအကြောင်းအရာနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံသိရှိအောင်ဆောင်ရွက်ပေးလျက်ရှိသည်။ သတင်းပေးပို့အကြောင်းကြားခြင်းအားဖြင့် တွေ့ရှိသူအတွက် အကျိုးကျေးဇူးများစွာရှိသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများ အစွန့်ရှည်တည်တံ့စေရန်၊ ပျက်စီးယိုယွင်းပျောက်ဆုံးခြင်းများမှကာကွယ်နိုင်ရန်၊ ပြည်သူများက ရှေးဟောင်းဝတ္ထုပစ္စည်းများ၏တန်ဖိုးမြင့်မားမှုကိုနားလည်၍ တာဝန်သိစိတ်ဖြင့် ကာကွယ်ထိန်းသိမ်းနိုင်စေရန်တို့အတွက် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ တူးဖော်ရရှိသည့်ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူသည့်သတင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် ထုတ်သတင်းစာများတွင်ဖော်ပြထားသည်။ အထက်ပါပြစ်မှုဖြစ်စဉ်ကိုလေ့လာကြည့်လျှင် ပြစ်မှုကျူးလွန်သူတို့သည် မိမိတို့ကိုယ်ကျိုးအတ္တကိုသာရှေးရှုပြီး ရှေးဟောင်းဝတ္ထုပစ္စည်းများကိုထုခွဲ၍ ပြင်ပသို့ ရောင်းချခဲ့သည်။ အမှန်တကယ်အားဖြင့် အဆိုပါရှေးဟောင်းဝတ္ထုပစ္စည်းများကို နိုင်ငံတော်သို့ပြန်လည်အပ်နှံပါက လွှဲပြောင်းအပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ်သတ်မှတ်၍ အပ်နှံသည့်ဝတ္ထုပစ္စည်း၏မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးအပြင် ရှားပါး၍အနုလက်ရာပြောင်မြောက်သည့် ဝတ္ထုပစ္စည်းများဖြစ်ပါက ထပ်ဆောင်းတန်ဖိုးကိုပါ ထပ်တိုးတွက်ချက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ၊ အသိအမှတ်ဂုဏ်ပြုလွှာများကို ထိုက်တန်စွာပေးအပ်လျက်ရှိသည်။

အဆိုပါပေးအပ်ခဲ့သည့်သတင်းများကိုလည်း နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပေးလျက်ရှိသည်။ ၂၀၀၅ ခုနှစ်က မိုင်းမောပျူမြို့ဟောင်းမှရွှေဖြင့်ပြုလုပ်ထားသည့်ပျူခေတ်ဘုရားဆင်းတုနှင့်စေတီငယ်များကို နွားကျောင်းသားတစ်ဦးက အမှတ်မထင်ရရှိခဲ့ပြီး နိုင်ငံတော်သို့အပ်နှံခဲ့သည့်အတွက် ၎င်းအားနေ့စဉ်ပေါက်စျေးဖြင့် တွက်ချက်သောမူလတန်ဖိုးအပြင် လက်ရာနှင့်ခေတ်ကာလကြေးပါထည့်သွင်းတွက်ချက်၍ သိန်း ၁၅၀ ကျော် ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါတာဝန်သိသိအပ်နှံသူများအား ထိုက်တန်စွာချီးမြှင့်ပေးအပ်လျက်ရှိသည့်သတင်းများစွာရှိပေရာ ပြည်သူများအနေဖြင့် တာဝန်သိစွာအပ်နှံခြင်းဖြင့် နိုင်ငံတော်၏ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခြင်းကိုရယူကြရန်ဖြစ်သည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိခဲ့ပါက နိုင်ငံတော်သို့ အပ်နှံခြင်းသည် အကျိုးကျေးဇူးများစွာရရှိစေသည်။ သို့မဟုတ်ဘဲ ပြည်ပသို့သယ်ယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကိုတူးဖော်ရှာဖွေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့်တွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အပ်နှံခြင်းမပြုဘဲ အရည်ကျိုခြင်း၊ ထုနက်ပုံဖျက်ခြင်း စသည့်မူလပုံစံပျက်ယွင်းစေခြင်းများပြုလုပ်ပါက ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ အရ ထောင်ဒဏ်နှင့်ငွေဒဏ်များချမှတ်ခံရမည်ဖြစ်ပြီး ပစ္စည်းများကိုပါ နိုင်ငံတော်ကသိမ်းဆည်းမည်ဖြစ်သည်။ နိုင်ငံတော်သို့အပ်နှံခြင်းဖြင့် မိမိတို့၏အမွေအနှစ်များ မပျောက်ပျက်အောင်ဆောင်ရွက်ရာလည်းရောက်သကဲ့သို့ မိမိတို့၏အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာရှိသူများဖြစ်လာကြပါမည်။ မိမိတို့တိုင်းပြည်၏တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူများကလည်း ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၁၂ ရက်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)၌ ကျင်းပကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားပြီး အမှတ်(၅၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်စိုးလင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းတို့ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများအကြောင်းကို ဟောပြောသည်။ ၎င်းနောက် အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးအောင်ကျော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ဟောပြောပြီး အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုတိယရဲမှူးကျော်စိုးလှိုင်က ပြည်တွင်း/ပြည်ပသို့ ပို့ဆောင်ကျူးလွန်လျက်ရှိသည့် လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ ခြားနားချက်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှလူကုန်ကူးမှုဖြစ်ပေါ်လာပုံ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ သိကောင်းစရာများနှင့် အသစ်ပြဋ္ဌာန်းထားသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောကြောင်းသိရသည်။

(၆၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၂၀၂၃ ခုနှစ်ကထက် ဦးရေတစ်သန်းခန့် ပိုမိုများပြား

ညောင်ဦး ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၂၃ ခုနှစ်ကထက် ဦးရေတစ်သန်းခန့် ပိုမိုများပြားခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ သိရသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ၂၀၂၃ ခုနှစ်က ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဦးရေ ၂ ဒသမ ၄၃ သန်းခန့် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ သန်းခန့်ဝင်ရောက်ခဲ့ကာ ရွှေစည်းခုံစေတီ၊ ဖူးဘုရားနှင့် လောကနန္ဒာစေတီစသည့်ဘုရားစေတီများသို့ အများဆုံးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။



"ပုဂံဒေသနည်းတူ ပုပ္ပားခရီးစဉ်ဒေသကိုလည်း ၂၀၂၃ ခုနှစ်ကထက် ၂၀၂၄ ခုနှစ်ထဲမှာ ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လည်ပတ်ခဲ့ပါတယ်။ ပုပ္ပားခရီးစဉ်ဒေသကို ၂၀၂၃ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၁၄၉၉၁၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၁၉၀၃၉၅ ဦး လာရောက်လည်ပတ်ခဲ့တဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာတာကို တွေ့ရပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်ကပြောသည်။

လက်ရှိတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ကြီးမှူး၍ ပုဂံဒေသ၌ ခရီးသွားဧည့်သည်များအား လိုက်လံပို့ဆောင်ကာ ဘုရားစေတီများအကြောင်းရှင်းပြသော စုစုပေါင်းဧည့်လမ်းညွှန်ဦးရေ ၂၇၀ ခန့်ရှိပြီး ၎င်းတို့ကို သက်ဆိုင်ရာမှ ဧည့်လမ်းညွှန်နှင့်ပတ်သက်သောသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများ၌ ခရီးသွားဧည့်သည်များအား ကောင်းမွန်စွာဝန်ဆောင်မှုပေးနိုင်စေရန် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ပုဂံဒေသအတွင်း ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၉၀ ကျော် ဖွင့်လှစ်ထားပြီး ပုဂံဒေသသန့်ရှင်းသာယာလှပရေးအတွက် ယင်းနယ်မြေအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များကို အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူများနှင့် ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် ကျန်းမာရေးကောင်းကျိုးများရရှိစေရေးနှင့် ပုဂံဒေသအတွင်း ခရီးသွားလာမှု မြှင့်တင်ရေးအတွက် အထောက်အကူပြုစေရန် ဆေးလိပ်သောက်ခွင့်မပြုသော ဆေးလိပ်ငွေ့ကင်းစင်နေရာ ၁၀၂ နေရာအထိ သတ်မှတ်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

---

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်း နှစ်လခွဲစပါးတင်း ၇၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျောင်းကုန်း ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း နှစ်လခွဲစပါးတင်း ၇၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်၌ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်သင်းသင်းမြတ်၏ ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက နှစ်လခွဲစပါးတင်း ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း နှစ်လခွဲစပါးတင်း ၇၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို နှစ်လခွဲစပါးတင်း ၇၈၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ ဆန်နဲ့တခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးအမျိုးအစားက အချောအုပ်စုထဲမှာ ပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလည်း နှစ်လခွဲစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းမှာရော လတ်တလောအနေနဲ့ပါ တခြားစပါးတွေနဲ့ယှဉ်ရင် နှစ်လခွဲစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဒေါ်သင်းသင်းမြတ်ကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဒီဇင်ဘာလက တင်ပို့ရောင်းချခဲ့သော နှစ်လခွဲစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဒေသတွင်းရှိ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေမှုရှိကြောင်း သိရသည်။

**သုတကျော်**

---

# အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေးသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေးသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံတော်၏အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အရေးပါလှသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားစေရန်နှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ အုပ်ချုပ်မှုစွမ်းရည်မြှင့်မားရေး သင်တန်းအမှတ်စဉ်(၆)သို့ သင်တန်းသား ၆၆ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီလ ၁၃ ရက်မှ မတ်လ ၂၆ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ





နေပြည်တော် ဇန်နဝါရီ ၁၃

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၃ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနှင့်အစုစပ်ကုမ္ပဏီ ကိုးခု စုစုပေါင်း ၁၇၄ ခုရှိပြီး ယင်းကုမ္ပဏီများမှ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိမြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရက်ကွက် ၂၃၀၀ နှင့် ကျေးရွာပေါင်း ၂၇၀၀၆ ရွာရှိ အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းသို့ ငွေကျပ် ၂၀၁၁ ဒသမ ၀၇၇ သန်းထုတ်ချေးထားကြောင်း။

အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ပေးရာတွင်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် MSME လုပ်ငန်းကဏ္ဍများတိုးတက်စေရေးအတွက်ကိုလည်း ချေးငွေများထုတ်ချေးပေးထားကြောင်း၊ ကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအား ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ဆောင်ရွက်ခွင့်ပြုခြင်း၊ Digital Financial Services များအသုံးပြု၍ ချေးငွေပြန်လည်ကောက်ခံခြင်းနှင့် ချေးငွေရယူသူ၏ ငွေစာရင်းသို့ ချေးငွေထုတ်ချေးခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးတွင် နိုင်ငံ၏ လက်ရှိလူမှုစီးပွား ဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေသည့် အများဆုံးထုတ်ချေးငွေသတ်မှတ်ချက်နှင့် စုဆောင်းငွေသတ်မှတ်ချက်တိုးမြှင့်ပေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်သွားရန်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် မှာကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီသုံးခု၏ လုပ်ငန်းလိုင်စင်လျှော့ထားမှု၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများ၏ အများဆုံးထုတ်ချေးငွေနှင့် အများဆုံးစုဆောင်းငွေပမာဏသတ်မှတ်ချက်များအား တိုးမြှင့်ခွင့်၊ တင်ပြခြင်းများအပါအဝင် ကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းဇော်က လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ကော်မတီမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အသေးစားနှင့် အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် ချေးငွေများရရှိစေရန် ပြည်တွင်းဘဏ်များသာမက အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုရယူသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီးသည့် ကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ထားသောဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

အစည်းအဝေးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီသုံးခု၊ မတည်ငွေရင်းတိုးမြှင့်ခွင့်ပြုသည့်ကုမ္ပဏီ လေးခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှု သုံးခု၊ နယ်မြေတိုးချဲ့သည့်ကုမ္ပဏီသုံးခုတို့ကို ကော်မတီက ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# တံတားဦးမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ ခု၌ ဝါဧက ၁၀၀၀ ကျော် စိုက်ပျိုးထား

တံတားဦး ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၅ ခု၌ ဝါဧက ၁၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါဝါသီးနှံများ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်၍ ကျေးရွာများအရောက်ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဝါစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော ရွှေတောင်(၈)၊ ငွေချည်(၆)၊ ငွေချည်(၉)၊ ချည်မျှင်ဝါ ( B-31 ) မျိုးများကို အဓိကထားစိုက်ပျိုးကြကာ အပင်မကျပ်စေရန်နှင့် မျိုးစေ့သက်သာစေရန် စိုက်ကျင်းများ၌ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ၁၉ ရက်ခန့်တွင် စိုက်ကျင်းတစ်ကျင်း၌ သန်မာသောဝါပင်နှစ်ပင်သာချန်ထားကာ သားခွဲနုတ်ပယ်ခြင်းများဆောင်ရွက်ရသည်။ အပင်နှင့်အသီးများ အောင်မြင်ဖြစ်ထွန်းစေရန် နွားချေးနွားလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာ တစ်အိတ်ဖြင့် မြေပြုပြင်ကာ အပိမ့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်တို့တွင် အပင်ခြေနှင့် ၇ လက်မခန့်အကွာတွင် ကွန်ပေါင်းမြေဩဇာ အိတ်ဝက်နှင့်ယူရီးယားအိတ်ဝက်ရောစပ်ဖြုးပေးရကြောင်း၊ လိုအပ်သောအချိန်များတွင် မြေရှင်းခြင်း၊ မြေဆွခြင်းတို့ပြုလုပ်ပေးရကာ စုပ်ပိုး၊ ဝါဂွမ်းပိုးနီ၊ ရွက်လိပ်ပိုးကာကွယ်ဆေးများနှင့် တခြားပိုးသတ်ဆေးများကိုလည်း လိုအပ်သလိုပက်ဖျန်းပေးပါက တစ်ဧကလျှင် ဝါပိဿာ ၁၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်ရှိ ဒေသခံတောင်သူများသည် ထောက်ရစ်၊ ပန်းယျ၊ စကားအင်း၊ ဇီးချောင်း၊ ပြူကန်၊ ငါးဇင်ရိုင်း၊ ချောင်းခွ၊ ရေခါး၊ အိမ်ကန်၊ နွားခြံကြီးကုန်း၊ သိန္နီကန်၊ စပါးတွင်း၊ သင်းတိမ်း၊ မြိုင်သာ၊ နွားတော်ကုန်းကျေးရွာအုပ်စုတို့၌ ဝါဧက ၁၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်စေရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှနှစ်စဉ် ချည်နှင့်ပိတ်ထည်များကို ပမာဏများစွာတင်သွင်းနေရသည်။ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်စွာဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေလုံလောက်မှုရှိမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း ဝါစိုက်ပျိုးနိုင်သည့် ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထည်ထုတ်လုပ်နိုင်သည့်ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အစဉ်တစိုက်ပံ့ပိုးကူညီအားပေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရဲတင့်(ပြန်/ဆက်)


# ပွင့်ဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပွင့်ဖြူ ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၃ ရက်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်သို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းနောင်၏ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ အိမ်ခြေ ၁၀၀ ရှိ အိမ်ထောင်စုဝင်များအား တစ်အိမ်တက်ဆင်း သွားရောက်ကာ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်၊ လျှပ်စစ်မီးများ အသုံးပြုရာတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေး စနစ်တကျကိုင်တွယ်သုံးစွဲကြရန်၊ ထင်း၊ မီးသွေးမီးဖိုများဖြင့် ချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များကို သေချာငြိမ်းသတ်ထားရှိရန် စသည့် မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးပြောကြားပြီး လူနေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပွင့်ဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးလောင်မှု/ မီးလန့်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် မီးဘေးလုံခြုံရေးကြပ်မတ်စစ်ဆေးခြင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့်စည်ပင်သာယာဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# တောင်တွင်းကြီးမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (၁/၂၀၂၅)အခြေခံသင်တန်းဖွင့်



တောင်တွင်းကြီး ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (၁/ ၂၀၂၅) အခြေခံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၁၃ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၁) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စက်မှုလယ်ယာစနစ်ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိရာ လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲတတ်စေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၁) စက်မှုလယ်ယာစခန်း ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတွင်သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

# ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီတော်)၏ (၂၆)မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ပြည်ကြီးချမ်းသာမဟာစေတီတော် (မြို့ဦးစေတီတော်)၏ (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီလ ၁၂ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

(၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီလ ၃ ရက်မှ ၁၂ ရက်အထိ အောင်မြင်စွာကျင်းပခဲ့ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီလ ၁၂ ရက် ညနေ ၃ နာရီက ကျင်းပရာ ဒေါ့ပရိသတ်များက မြို့နယ်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက ဗုဒ္ဓပူဇနိယ ပွဲတော်ဆိုင်ရာများ လျှောက်ထားပြီး မြို့ဦးစေတီတော်ဂေါပကဥက္ကဋ္ဌက စေတီတော်ကြီး ဘက်စုံမွမ်းမံရန်လုပ်ငန်းများ၊ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများအား လျှောက်ထားသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များမှ ဒဂုံ(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ပင့်သံဃာ ၁၀၉ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

(၂၈၅)

# မြဝတီမြို့နယ် သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြဝတီ ဇန်နဝါရီ ၁၃

ကရင်ပြည်နယ် မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြဝတီမြို့နယ် သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သက္ကာရကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သက္ကာရကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဘိုဘို**

## ပဲခူးမြို့ ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကျင်းပမည်

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင် ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံကြီး၌ စတုတ္ထအကြိမ် မဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကို ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါမဟာဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘေးအန္တရာယ်ရန်အသွယ်သွယ်မှ ကင်းစင်လွင့်ပျောက်စေရန်နှင့် ဗုဒ္ဓသာသနာတော်၏အဆီအနှစ်ဖြစ်သော မဟာပဋ္ဌာန်းအဘိဓမ္မာဒေသနာတော်ကြီး နေရောင်လရောင်ပမာဝင်းပထွန်းတောက်ကောင်းကျိုးရောက်စေရန်ရည်သန်၍ စေတီတော်မြတ်ကြီး၏ရင်ပြင် ရွှေကျောင်းတော်ကျောက်ပန်းတောင်းဓမ္မာရုံကြီး၌ဇန်နဝါရီလ ၂၀ ရက် နံနက် ၅ နာရီမှ ဇန်နဝါရီလ ၂၆ ရက် နံနက် ၅ နာရီအထိ မဟာပဋ္ဌာန်းတော်မြတ်ကို ခုနစ်ရက်တိုင်တိုင် စဉ်ဆက်မပြတ် ရွတ်ဖတ်ပူဇော်ပြီး ဇန်နဝါရီလ ၂၆ ရက်နံနက် ၈ နာရီတွင် သံဃာတော်အရှင်သူမြတ်များအား ဆေးပစ္စည်းများနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**



## ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

**ရွှေတောင် ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့မဈေးအတွင်း၌ ဇန်နဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် ဈေးဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရှောင်တခင်စစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ကြီးကြပ်ညွှန်ကြားမှုဖြင့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးကော်မတီ ဌာနဆိုင်ရာများမှတာဝန်ရှိသူများက ရွှေတောင်မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရှောင်တခင်ဈေးကွက် ထောက်လှမ်းစစ်ဆေးခြင်းနှင့် အစားအသောက်နမူနာကောက်ယူခြင်းတို့ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုကိုမင်း( ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ ဧက ၃၄၄၈၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၃၄၄၈၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနံ့စိုက်ပျိုးရာသီတွင် မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧက စိုက်ပျိုးရန်လျာထားသည်။

“ ဒီနှစ်ဆောင်းရာသီမှာ ဆီထွက်သီးနှံ စိုက်ပျိုးဖို့ ၃၄၈၆၄ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၃၄၄၈၀ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေ လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် နေကြာစိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးအတွက် ကွင်းသရုပ်ပြပွဲနဲ့ ပိုးမွှားကင်းစင်ရေး ကွင်းဆင်းအသိပညာပေးလျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။



ဆီထွက်သီးနှံများကို စနစ်တကျစိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှ ထွက်ရှိသည့် ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ်ကြိတ်ခွဲဆောင်ရွက်ပြီး ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိရေးဆောင်ရွက်ရမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုမှာ မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၃၆၅ ဧက စုစုပေါင်း ၃၄၄၈၀ ဧက (၉၈ ဒသမ ၈၉ ရာခိုင်နှုန်း)စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

## သရက်မြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ အင်ဖက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းတို့ကိုဆောင်ရွက်

**သရက် ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့မဈေးအတွင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးမြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့်အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းကို ဇန်နဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့်အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

**○ မျိုးစေ့ထုတ်နေကြာမှအဆက်**

ဆောင်းနေကြာသီးနှံများစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းအတိုင်း သွင်းအားစုအနေဖြင့် ထယ်ရေးပြင်ချိန်တွင် တစ်ဧကနွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်းငါးစီးမှ ၁၀ စီး၊ ယူရီးယားဓာတ်မြေဩဇာ ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့်ပိုတက်ရှ် ၅၆ ပေါင်အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်းစိုက်ပျိုးကြောင်းနှင့်စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိသော နေကြာမျိုးများရွေးချယ်ကာ တစ်ဧက မျိုးစေ့သုံးပြည်နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေအစိုဓာတ်လုံလောက်ချိန်တွင် အနက် ၁ လက်မခွဲမှ ၂ လက်မအတွင်း စိုက်ပျိုးထားကြောင်း၊ သတ်မှတ်အပင်ရေ ၂၉၀၀၀ ဝင်ဆံ့စေရန် တန်းကြား၂ ပေ၊ ပင်ကြား ၉ လက်မဖြင့် တစ်ကျင်းလျှင် မျိုးစေ့နှစ်စေ့နှုန်းဖြင့် စိုက်ပျိုးထားကြောင်း တောင်သူဦးဝင်းညွန့်ကပြောသည်။ ထိုသို့ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

**◆ ရှေ့ဖုံးမှအဆက်**

လုပ်ဆောင်နေတဲ့အတွက် ခေတ္တအရောင်းရပ်နားထားပြီး ကျန်တဲ့အရောင်းဆိုင် ၄၀ ကိုတော့ နေ့စဉ် ပိတ်ရက်မရှိ နံနက် ၄ နာရီကနေ ည ၁၁ နာရီအထိ ပုံမှန်ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ တစ်ရက်ကို မော်တော်ယာဉ်အစီးရေ သုံးသောင်းကျော်အတွက် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ဝန်းကျင်ဖြန့်ဖြူးရောင်းချပေးနေပါတယ်”ဟု မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး၌ လျှပ်စစ်မီးအချိန်ပိုင်းပြတ်တောက်ချိန်များတွင် CNG အရောင်းဆိုင်များ၌ရှိသည့် ဂက်စ်ဂျင်နရေတာများကိုလည်းပတ်ပြီး CNG များ ပုံမှန်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**ဝန်းရံခ**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

၁၄-၁-၂၀၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၅။ | ၁၁:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | Movie & Movies |
| ၈။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၉။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၁၀။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၁။ | ၁၈:၄၀ | မွေးမြူသုတ |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ပူဇာစပူဇနေယျာနံ၊ ပတိရူပဒေသဝါသောစ** |

# ဦးနှောက်မှတ်ဉာဏ်ထက်မြက်စေသောနည်းလမ်းများအကြောင်း သိကောင်းစရာ

> "အလုပ်နှစ်ခု သို့မဟုတ် ထိုထက်ပိုသော လုပ်ဆောင်ချက်များကို တစ်ချိန်တည်းတွင် လုပ်ဆောင်ခြင်းသည် မတူညီသောဦးနှောက်အစိတ်အပိုင်းများကြား ပေါင်းစပ်ညှိနှိုင်းမှုကို ပိုမိုကောင်းမွန်စေပြီး သိမြင်မှု၊အလုပ်များစွာလုပ်ဆောင်နိုင်မှုနှင့်ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တိုးတက်စေသည်။ အများစုသည် ယင်းကိုသတိမထားမိဘဲ တစ်နေ့တာအတွင်း အလုပ်နှစ်ခုကို လုပ်ဆောင်နေကြသည်။ ဥပမာ - ဖုန်းပြောနေစဉ် လမ်းလျှောက်ခြင်း၊ ညစာချက်ပြုတ်နေစဉ် သို့မဟုတ် ဦးတည်ရာသို့ ကားမောင်းနေစဉ် သတင်းနားထောင်ခြင်းတို့ ပါဝင်သည် . . ."

တစ်နေ့တာကို ဦးနှောက်လေ့ကျင့်ခန်းများဖြင့် စတင်ခြင်းက အာရုံစူးစိုက်မှုကို တိုးတက်စေကာ မှတ်ဉာဏ်ကို ထက်မြက်စေနိုင်ကြောင်း တွေ့ရှိရသည်။ ကာယလေ့ကျင့်ခန်းများက ခန္ဓာကိုယ်ကို အားကောင်းစေသကဲ့သို့ ဦးနှောက်လေ့ကျင့်ခန်းများသည် စိတ်ကိုလှုံ့ဆော်ပေးပြီး စိတ်ပိုင်းဆိုင်ရာတက်ကြွမှုကို မြှင့်တင်ပေးပါသည်။ အထူးသဖြင့် ဦးနှောက်လေ့ကျင့်ခန်းများကို နံနက်ခင်းပုံမှန်လေ့ကျင့်ခန်းအစီအစဉ်တွင် ပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် ထိရောက်သော အကျိုးကျေးဇူးရရှိနိုင်ပါသည်။

**တရားထိုင်ခြင်း**

ဤအလေ့အကျင့်သည် သတိပဋ္ဌာန်ကိုတိုးမြှင့်စေသဖြင့် စိတ်ဖိစီးမှုကို လျော့ကျစေပြီးအာရုံစူးစိုက်မှုကို ထက်မြက်စေသည်။ တရားထိုင်ခြင်းသည် အာရုံထွေပြားမှုများကိုလျှော့ချပေးသဖြင့် စိတ်ဆန္ဒရှိသလောက် အလုပ်လုပ်နိုင်သည့်အကျိုးရှိသောနေ့တစ်နေ့ဖြစ်စေသည်။ ဆိတ်ငြိမ်သောနေရာတွင် သက်သောင့်သက်သာထိုင်၍ မျက်လုံးမှိတ်ပြီး အသက်ရှူသွင်း၊ ရှူထုတ်ခြင်းအပေါ်တွင် အာရုံစိုက်ပါ။ အသက်ကို ပြင်းပြင်းရှူသွင်းပြီး ၁၊ ၂၊ ၃၊၄ စသည်ဖြင့် ရေတွက်ပါ။ ဂဏန်း ၁ မှ ၄ အထိ ရေတွက်ပြီး အသက်ရှူခဏအောင့်ထားပါ။ ထို့နောက် ၁ မှ ၆ အထိ ရေတွက်၍ ဖြည်းဖြည်းချင်းပြန်ရှူထုတ်လိုက်ပါ။

**အတွေးအခေါ် စိတ်ခံစားမှုများနှင့်ရည်မှန်းချက်များကို ချရေးခြင်း**

အတွေးအခေါ်နှင့်စိတ်ခံစားမှုများကိုချရေးခြင်းသည် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးသည်။ စိတ်ပိုင်းဆိုင်ရာထိန်းညှိမှုကို ပိုမိုကောင်းမွန်စေကာ မှတ်ဉာဏ်အားကောင်းစေသည်။ ရည်မှန်းချက်များကို ချရေးခြင်းသည် အတွေးများကို စုစည်းစေပြီး ပြဿနာဖြေရှင်းရန်အတွက်ဦးနှောက်ကို ပြင်ဆင်စေသည်။ စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိရန်နှင့် စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာကိုပြုစုပျိုးထောင်ရန်ကျေးဇူးတင်ကြောင်းနှင့်အပြုသဘောဆောင်သောတွေးခေါ်မှုကို လေ့ကျင့်ပါ။ အတွေးများ၊ အစီအစဉ်များနှင့် ကျေးဇူးတင်သောအကြောင်းအရာများကို ချရေးရန် နေ့စဉ် ၁၀ မိနစ်အချိန်ယူပါ။

**ပဟေဠိဉာဏ်စမ်းဖြေဆိုခြင်း**

ပဟေဠိဉာဏ်စမ်းသည် ယုတ္တိတွေးခေါ်မှုကို လှုံ့ဆော်ပေးပြီး အာရုံစူးစိုက်မှုကို တိုးတက်စေသဖြင့် ပြဿနာဖြေရှင်းခြင်းစွမ်းရည်ကိုမြှင့်တင်ပေးသည်။ ယင်းတို့သည် ဦးနှောက်၏ မတူညီသော အစိတ်အပိုင်းများကို ချိတ်ဆက်ပေးကာ မှတ်ဉာဏ်ကို ထက်မြက်စေပြီး စိတ်ပိုင်းဆိုင်ရာ ပျော့ပျောင်းမှုကို တိုးတက်စေသည်။ စကားဝှက်ပဟေဠိ သို့မဟုတ် ကိန်းဂဏန်းပဟေဠိကိုဖြေရှင်းရန် နေ့စဉ် အချိန် ၁၀–၁၅ မိနစ်ပေးပါ။ အက်ပ်၊ သတင်းစာ သို့မဟုတ် ပဟေဠိစာအုပ်ကိုသုံး၍ လေ့ကျင့်နိုင်သည်။

**အလုပ်နှစ်ခုကိုတစ်ပြိုင်နက်လုပ်ဆောင်ခြင်း**

အလုပ်နှစ်ခု သို့မဟုတ် ထိုထက်ပိုသော လုပ်ဆောင်ချက်များကို တစ်ချိန်တည်းတွင် လုပ်ဆောင်ခြင်းသည် မတူညီသောဦးနှောက်အစိတ်အပိုင်းများကြား ပေါင်းစပ်ညှိနှိုင်းမှုကို ပိုမိုကောင်းမွန်စေပြီး သိမြင်မှု၊ အလုပ်များစွာလုပ်ဆောင်နိုင်မှုနှင့်ပြောင်းလွယ်ပြင်လွယ်ရှိမှုကို တိုးတက်စေသည်။ အများစုသည် ယင်းကို သတိမထားမိဘဲ တစ်နေ့တာအတွင်း အလုပ်နှစ်ခုကို လုပ်ဆောင်နေကြသည်။ ဥပမာ– ဖုန်းပြောနေစဉ် လမ်းလျှောက်ခြင်း၊ ညစာချက်ပြုတ်နေစဉ် သို့မဟုတ် ဦးတည်ရာသို့ ကားမောင်းနေစဉ် သတင်းနားထောင်ခြင်းတို့ ပါဝင်သည်။

**ကျွမ်းကျင်မှုအသစ်အဆန်းတစ်ခုခုကို သင်ယူခြင်း**

ကျွမ်းကျင်မှုအသစ်များကို သင်ယူခြင်းသည် ဦးနှောက်နှင့်အာရုံကြောချိတ်ဆက်မှုအသစ်များကို လိုက်လျောညီထွေဖြစ်စေပြီး ရေရှည်မှတ်ဉာဏ်ကိုတိုးတက်စေသည်။ ဘာသာစကားအသစ်သင်ခြင်း၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ဂီတတူရိယာတီးခြင်းနှင့် ဗီဒီယိုသင်ခန်းစာတိုများကဲ့သို့သော ကျွမ်းကျင်မှုအသစ်အဆန်းတစ်ခုကို နံနက်တိုင်း ၁၅ မိနစ် အချိန်ပေး၍ သင်ယူပါ။ နည်းနည်းနှင့်မှန်မှန်တိုးတက်မှုကို အာရုံစိုက်ပါ။

**တီထွင်ဖန်တီးမှုကိုချဲ့ထွင်ခြင်း**

အချိန်တစ်မိနစ်လောက်ပေး၍ ကျပန်းတစ်ခုခုရေးပါ သို့မဟုတ် စိတ်ထဲပေါ်လာသမျှကို အမြန်ပုံကြမ်းဆွဲပါ သို့မဟုတ် ဝါကျတစ်ကြောင်းဖြင့် ဇာတ်လမ်းတိုတစ်ပုဒ်ရေးပါ။ ဤဖန်တီးမှုလုပ်ငန်းများသည် ဦးနှောက်၏ညာဘက်ခြမ်းကို နိုးကြားလာစေပြီး တစ်ချိန်တည်းတွင် သမားရိုးကျမဟုတ်သည့်အတွေးများဖြင့် စိတ်အပန်းဖြေရန် ကူညီပေးသည်။

**ဦးနှောက်ဉာဏ်ထက်မြက်စေသော ဂိမ်းများကစားခြင်း**

ဤကဲ့သို့သောဂိမ်းများသည် ဆင်ခြင်ဉာဏ်၊ အာရုံစူးစိုက်မှုနှင့် အခက်အခဲဖြေရှင်းနိုင်မှုတို့ကိုအားကောင်းစေပြီး ဦးနှောက်ကို တက်ကြွထက်မြက်နေစေရန် လှုံ့ဆော်ပေးသည်။ နံနက်ခင်းတွင်အမြန်အွန်လိုင်း မှတ်ဉာဏ်ဂိမ်း၊ ကိန်းဂဏန်းများ၊ စကားဝှက်များနှင့် အမြန်ပဟေဠိ သို့မဟုတ် စစ်တုရင်ကစားပါ။ ဂိမ်းကစားခြင်းကို နေ့စဉ် အချိန် ၁၀–၁၅ မိနစ်ပေးပါ။

**စိတ်ကူးဖြင့်ပုံဖော်မှု အလေ့အကျင့်ပြုလုပ်ခြင်း**

စိတ်ကူးဖြင့်ပုံဖော်မှုအလေ့အကျင့်သည် အတွေးများကို စုစည်းပေးသည်။ တီထွင်ဖန်တီးနိုင်စွမ်းကို လှုံ့ဆော်ပေးသည်။ အယူအဆများနှင့်ဆက်စပ်သဘောတရားများ၏ချိတ်ဆက်နိုင်စွမ်းကို အားကောင်းစေသည်။ ဥပမာအားဖြင့် အကြောင်းအရာ သို့မဟုတ် ပြဿနာတစ်ခုကို ရွေးပြီး စာမျက်နှာအလွတ်တစ်ခု၏အလယ်တွင် ရေးပါ။ စိတ်ကူးများ၊ ဆက်စပ်သဘောတရားများ သို့မဟုတ် ဖြေရှင်းချက်များဆီသို့ ဦးတည်သော အကိုင်းအခက်များကိုဆွဲပါ။ စိတ်ကူးဖြင့်ပုံဖော်ခြင်းသည်ဦးနှောက်၏ဆုလာဘ်စင်တာများကို အသက်ဝင်စေပြီး အာရုံစူးစိုက်မှု၊ ယုံကြည်မှုနှင့် စိတ်ပိုင်းဆိုင်ရာထိန်းညှိမှုတို့ကို ပိုမိုကောင်းမွန်စေပါသည်။ မျက်လုံးကိုမှိတ်ထားပြီး ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်မြင်ယောင်ကြည့်ပါ။ အလုပ်များကိုပြီးမြောက်အောင် စိတ်ငြိမ်ငြိမ်ထားပြီး ရည်မှန်းချက်များကို အောင်မြင်အောင်ပုံဖော်ပါ။ ဤအလေ့အကျင့်အတွက် ၅–၁၀ မိနစ်အချိန်ပေးပါ။

**မှတ်သားထားသည်များကို ပြန်လည်စဉ်းစားသည့်**
**အလေ့အကျင့်ပြုလုပ်ခြင်း**

ဤအလေ့အကျင့်သည် အသေးစိတ်အချက်အလက်များကို အာရုံစူးစိုက်မှု အားကောင်းစေသည်။ ဦးနှောက်တွင် အချက်အလက်များကို စုစည်းထိန်းသိမ်းနိုင်ရန် ကူညီပေးသဖြင့် မှတ်ဉာဏ်အားကောင်းစေသည်။ ယခင်နေ့က အဖြစ်အပျက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်အမှတ်ရရန် ၅ မိနစ်ခန့်အချိန်ပေးစဉ်းစားပါ။ စကားပြောဆိုမှုများ၊ အစားအစာများ သို့မဟုတ် သီးခြားလုပ်ဆောင်မှုများကဲ့သို့သော အသေးစိတ်အချက်အလက်များကို ပြန်လည်မှတ်မိရန် စဉ်းစားခြင်းဖြင့်လေ့ကျင့်ပါ။

**ကိုယ်လက်လှုပ်ရှားမှုပြုလုပ်စဉ် သိမြင်မှုစွမ်းရည်**
**ထက်မြက်စေရန်လေ့ကျင့်ခြင်း**

ကိုယ်လက်လှုပ်ရှားမှုသည် ဦးနှောက်သို့ သွေးစီးဆင်းမှုကိုတိုးမြှင့်စေပြီး မှတ်ဉာဏ်နှင့်အာရုံစူးစိုက်မှုကို မြှင့်တင်ပေးသည်။ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်နေစဉ် စိတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုတစ်ခုကို ဖြေရှင်းခြင်းက သိမြင်နိုင်စွမ်းကို ပိုမိုကောင်းမွန်စေပြီး အလုပ်များစွာလုပ်ဆောင်နိုင်သောစွမ်းရည်များကို ထက်မြက်စေကြောင်း တွေ့ရှိလာကြသည်။ လမ်းလျှောက်စဉ် သို့မဟုတ် ရွရွပြေးနေစဉ် စိတ်ဖြင့်ပြဿနာများကို ဖြေရှင်းခြင်း သို့မဟုတ် ၁၀၀ မှ ၇ သို့ နောက်ပြန်ရေတွက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများပြုလုပ်ပါ။ တစ်နည်းအားဖြင့် ဟန်ချက်ညီမှုနှင့် အာရုံစူးစိုက်မှုလိုအပ်သော ယောဂကျင့်စဉ်များကို စမ်းသပ်ပြုလုပ်ကြည့်ပါ။

**ဦးနှောက်ကျန်းမာရေးကိုမြှင့်တင်ပေးသောအစားအစာများ**
**စားသောက်ခြင်း**

စိတ်ကျန်းမာရေးအတွက် သင့်လျော်သောအာဟာရလိုအပ်ပြီး တချို့သောအစားအစာများသည် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးသည်ကို သုတေသနများအရ သိလာကြသည်။ သစ်ကြားသီး၊ ဗာဒံစေ့နှင့် နှမ်းကြတ်စေ့ကဲ့သို့သော အစေ့အဆန်များသည် မှတ်ဉာဏ်ဆိုင်ရာ လုပ်ဆောင်ချက်များကို တိုးတက်ကောင်းမွန်စေသည့် Omega–3 Fatty acid နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝသည်။ ဘလူးဘယ်ရီနှင့် စတော်ဘယ်ရီကဲ့သို့သော ဘယ်ရီသီးများတွင် ဦးနှောက်ချိတ်ဆက်မှုကို အားကောင်းစေပြီး မှတ်ဉာဏ်လျော့ကျမှုကို နှေးကွေးစေသော ဖလေဗိုနွိုက်များ ပါဝင်သည်။ ဟင်းနုနယ်နှင့် ကိုက်လန်အပါအဝင် အရွက်စိမ်းများသည် ဗီတာမင် K နှင့် ဖောလိတ်တို့ကို ပေးစွမ်းနိုင်ပြီး ဦးနှောက်ဆဲလ်များကြီးထွားမှုကို မြှင့်တင်ပေးသည်။ ဆယ်လ်မွန်ငါး၊ ဆာဒင်းငါးနှင့် တူနာငါးတို့ကဲ့သို့ Omega–3 ပါဝင်သော ငါးများသည် ဦးနှောက်တည်ဆောက်မှုနှင့် စွမ်းဆောင်ရည်အတွက် လိုအပ်သည်။ အနက်ရောင်ချောကလက်တွင် ဖလေဗိုနွိုက်နှင့် ကဖိန်းဓာတ်ပါဝင်သောကြောင့် အာရုံစူးစိုက်မှုနှင့် စိတ်ခံစားချက်ကို မြှင့်တင်ပေးသည်။

**ဦးနှောက်ကျန်းမာရေးကိုထိခိုက်စေသော**
**အလေ့အကျင့်များကိုရှောင်ခြင်း**

နာတာရှည်စိတ်ဖိစီးမှု၊ ကျန်းမာရေးနှင့်မညီညွတ်သောအစားအသောက်များကိုစားမိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ အိပ်ချိန်မလုံလောက်ခြင်းတို့ကြောင့် ဦးနှောက်ကျန်းမာရေးကိုထိခိုက်ပျက်စီးစေနိုင်သည်။ အရက်အလွန်အကျွံသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မှတ်ဉာဏ်ဆိုင်ရာလုပ်ဆောင်မှုကို ထိခိုက်စေနိုင်ပြီး အာရုံကြောရောဂါများဖြစ်နိုင်ခြေကိုတိုးမြှင့်စေသည်။ လေထုညစ်ညမ်းမှုနှင့်အဆိပ်အတောက်များကို ကြာရှည်စွာထိတွေ့ခြင်းက ဦးနှောက်ဆဲလ်များကို ထိခိုက်စေနိုင်သည်။ အထီးကျန်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်စိတ်လွန်ကဲခြင်းတို့သည် စိတ်ကျန်းမာရေးနှင့် ဦးနှောက်ဖွဲ့စည်းပုံကိုထိခိုက်စေသည်။ ဆိုရှယ်မီဒီယာကို အလွန်အကျွံသုံးစွဲခြင်းသည် လူတစ်ဦး၏စိတ် သို့မဟုတ် ဉာဏ်ရည်ဉာဏ်သွေးကို ယိုယွင်းလာစေနိုင်သည်။ မတော်တဆထိခိုက်မှုများကြောင့် အာရုံကြောဆိုင်ရာထိခိုက်မှုသည် ဦးနှောက်မှတ်ဉာဏ်ရေရှည်ပျက်စီးမှုကို ဖြစ်စေနိုင်သည်။ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ကိုလက်စထရောများခြင်းတို့ကဲ့သို့ မထိန်းချုပ်နိုင်သောကျန်းမာရေးအခြေအနေများသည် ဦးနှောက်သို့ သွေးစီးဆင်းမှုကို လျော့ကျစေပြီး မှတ်ဉာဏ်ကျဆင်းစေသည်။

အချုပ်အားဖြင့်ဆိုရသော် မှတ်ဉာဏ်သည် လေ့ကျင့်ယူနိုင်သော ကျွမ်းကျင်မှုတစ်ခုဖြစ်ပြီး ဦးနှောက်ကျန်းမာရေးကောင်းစေသော အလေ့အကျင့်များကိုလိုက်နာခြင်းဖြင့် တိုးတက်စေနိုင်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်မှုပုံစံကို လိုက်နာခြင်း၊ သွေးတိုးရောဂါနှင့် သွေးချိုဆီးချိုရောဂါများကို စနစ်တကျကုသမှုခံယူခြင်း၊ ဦးနှောက်ကျန်းမာရေးကိုထိခိုက်စေသော အလေ့အကျင့်များကို ရှောင်ကြဉ်ခြင်း၊ ဦးနှောက်နှင့် စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သော အစာအာဟာရများကို ဦးစားပေးစားသောက်ခြင်းနှင့် မိမိနှင့်သင့်လျော်သော ဦးနှောက်လေ့ကျင့်ခန်းများပြုလုပ်ခြင်းတို့ လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကြို့ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီလ ၁၃ ရက်တွင် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်တိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်မင်းထွန်း၊ လယ်ဝေးခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများက ကြို့ကုန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာမှ တင်ပြမှုများအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြို့ကုန်းကျေးရွာ၌ အဆိုပါကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၂၄ သန်းဖြင့် ရွှေရည်တိုးကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ကျေးလက်ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

တောင်ငူ ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူပင်-သဖန်းပင်ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇီးဖြူပင်-သဖန်းပင်ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးကုန်ထုတ်လမ်းအား အကျိုးရှိစွာအသုံးပြုရန် မှာကြားသည်။

အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ဇီးဖြူပင်-သဖန်းပင်ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆ ဒသမ ၅၀ သန်းဖြင့် VJAT ကုမ္ပဏီကအကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ




မြစ်သား ဇန်နဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြို့မဈေး၌ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှဦးဆောင်ကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီလ ၁၂ ရက် မွန်းလွဲပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ လက်တွေ့သရုပ်ပြသဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုအမျိုးအစားများအလိုက် မီးငြိမ်းသတ်ခြင်းများကို မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးခြင်းနှင့်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ဈေးသားများ တက်ရောက်ကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

# ပြာသိုမှာအေးခတ်လွှမ်း ငြိမ်းချမ်းစေကြောင်း

* ပြာသိုမှာ ဖြာစိုနှင်း
ခွာညိုသင်း ဂေါ်သဇင်။
ရွှေသော်တာ စန္ဒီနှင့်
ဖူးပွင့်သခင်။
ထူးမြတ်တဲ့ လတော်ဝင်
ချစ်ခြင်းယှဉ် မြန်းကြွခိုက်။
ပန်းခွာညို စုံမြိုင်နန်း
ရွှင်လန်းနှစ်ခြိုက်။

* ရှင်တစ်ထောင် အခါတော်နေ့
ရွှင်ချမ်းမြေ့ လပြာသို။
တိမ်လွှာမှာ ဝါရောင်ကျင်း
မြူနှင်းခစို။
မြင်းခင်းမြတ်သဘင်ကို
ပျော်ရွှင်လိုကြ ပြည်သူများ။
ဇာတိမာန် မျိုးချစ်စိတ်
ဖိတ်ဖိတ်တောက်ကြွား။

* မှုန်ပြာပြာ ဝဿာတွင်း
တာရာလင်း ပုစ္ဆန်ငွေ။
ဒက္ခိဏာ ယဉ်အစွန်း
ထွန်းတဲ့ခါပေ။
သင်းပျံ့ပျံ့ သဇင်ဝေ
ထူးမြတ်လေ ပျော်စရာနေ့။
စိတ်အစဉ် ချမ်းမြေ့ခြင်း
ရင်တွင်းပျော်မွေ့။

* ဆောင်းရာသီ ချိန်ခါရောက်
တိမ်လွှာတောက် ဝဿာတစ်ခွင်။
အေးစိမ့်ဝင် အကြည်ခတ်
လွှမ်းပတ်ပျံ့စဉ်။
ပြာသိုဆောင်း လလယ်ဝင်
နွဲ့ပျော်ရွှင် စည်ကားမြဲ။
ဓမ္မစုံ တရားရေအေး
တိုက်ကျွေးသည့်ပွဲ။

* တစ်နှစ်မှာ ထူးကဲလ
ဦးခိုက်ကြ မြတ်ဗုဒ္ဓါ။
လက်ဆယ်ဖြာ ထိပ်မှာမိုး
ရှိခိုးလေတာ။
ယဉ်ကျေးမှု အစဉ်လာ
တို့မြန်မာ သဒ္ဓါကောင်း။
ပြာသိုမှာ အေးခတ်လွှမ်း
ငြိမ်းချမ်းစေကြောင်း။ ။

ထာဝရမွန်(ဂုဏ်ထူးတန်း)

# ကျုံပျော်မြို့နယ်၌ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်လှစ်



ကျုံပျော် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကုန်းသာကြီးကျေးရွာအုပ်စု ကြံလဟာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကုန်းသာကြီး(၁)၌ ဇန်နဝါရီလ ၁၃ ရက်တွင် လင်းရောင်ခြည်စာကြည့်တိုက် ဖွင့်လှစ်သည်။

ရှေးဦးစွာ စာကြည့်တိုက်ကို အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာသဘ(သဒ္ဓမ္မသီတဂူ သာသနာ့ရိပ်သာ ပုသိမ်မြို့)၊ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးသိန်းစိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်/သံ ကျွမ်းကျင်-၃ ဦးစောလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက်စာကြည့်တိုက်တွင်အသုံးပြုရန် စာအုပ်စာစောင်များနှင့် ဆိုလာမီးတို့ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဆရာတော်က လက်ခံရယူပြီး စာကြည့်တိုက်အတွင်း ကလေးများ စာပေဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲသို့ ဆရာတော်သံဃာတော်များ၊ ကျုံပျော်ခရိုင်နှင့် မြို့နယ်တို့မှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူ ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

လင်းရောင်ခြည်စာကြည့်တိုက်သည် အလျား ၂၂ ပေ၊ အနံ ၁၈ ပေ၊ အမြင့်ပေ ၂၀ ရှိ အုတ်၊ သွပ်မိုးအဆောက်အအုံဖြစ်ကာ ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာသဘမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများ စာပေဖတ်ရှုနိုင်ရန် ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ် ထူးပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

ပွင့်ဖြူ ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မဲဇလီကျေးရွာအုပ်စု ထူးပေါက်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ဇန်နဝါရီလ ၁၃ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ထူးပေါက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထူးပေါက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၃၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၈ ဒသမ ၂၅ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# အခြေခံမုန့်ဖုတ်နည်းသင်တန်းနှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ အခြေခံမုန့်ဖုတ်နည်းသင်တန်း အမှတ်စဉ်(၁၄)နှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ် (၆)တို့ကို ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံ မုန့်ဖုတ်နည်းသင်တန်းကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်အထိလည်းကောင်း၊ မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းကို မတ်လ ၃ ရက်မှ ၃၁ ရက်အထိလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အခြေခံ မုန့်ဖုတ်နည်းသင်တန်းကို အခြေခံပညာအလယ်တန်းအောင်မြင်ပြီး အသက် ၁၈ နှစ်မှ အသက် ၄၀ ထက်မကြီးသူ၊ မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းကို အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက် ၂၅ နှစ်မှ အသက် ၄၅ နှစ်ထက်မကြီးသူများလျှောက်ထားနိုင်ပြီး သင်တန်းကာလတစ်လကို မပျက်မကွက်တက်ရောက်နိုင်သူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

သင်တန်းလျှောက်ထားလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသတ်မှတ်အကြိမ်ရေပြည့်ထိုးထားသောလက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်းထောက်ခံစာ၊ အသည်းရောင်အသားဝါ(ဘီ/စီ) ပိုးကင်းရှင်းကြောင်း ဆေးလက်မှတ်ထောက်ခံစာမူရင်း၊ ပညာရေးအထောက်အထားမိတ္တူတို့နှင့်အတူ အခြေခံမုန့်ဖုတ်နည်းသင်တန်းအတွက် လျှောက်လွှာများကို ဇန်နဝါရီလ ၂၀ ရက်နှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းအတွက် လျှောက်လွှာများကို ဖေဖော်ဝါရီလ ၁၃ ရက်နောက်ဆုံးထားပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းလျှောက်လွှာများကို https://shorturl.at/N1fSa တွင် download ရယူ၍ tts.bakery4042@ gmail.com သို့ပေးပို့၍လည်းကောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရန်ကုန်၌လည်းကောင်း လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ဖုန်း- ၀၁၈-၃၇၇၅၅၉ နှင့် ၀၁၈-၂၅၁၈၅၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ဝန်းရံ

# ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းမြေပဲ ၁၇၂ ဧကစိုက်ပျိုးပြီးစီးသဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်


ငဖဲ ဇန်နဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် ကျေးရွာအုပ်စုများတွင် ဆီထွက်သီးနှံအဖြစ် ဆောင်းမြေပဲကို ၁၇၂ ဧက စိုက်ပျိုးပြီးစီးကာ မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းမြေပဲများကို မန်းချောင်းနံဘေးတစ်လျှောက် နယ်ဇောကျေးရွာအုပ်စု၊ ပန်းထိန်းကျေးရွာအုပ်စုနှင့် ဆင်ချည်တိုင်ကျေးရွာအုပ်စုများရှိ နုန်းမြေနှင့် သဲနုန်းမြေတို့တွင် ရေထုတ်ရန်လွယ်ကူပြီး ရေစိမ့်စီးဆင်းမှုကောင်းမွန်သောမြေများ၌ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း အများဆုံးစိုက်ပျိုးကြကာ နှစ်စဉ်အထွက်နှုန်းကောင်းမွန်မှုရှိသည်။

ယခု ဆောင်းမြေပဲစိုက်ပျိုးရာတွင် အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ဧက ၁၃၀ စိုက်ပျိုးရန်လျာထားရာ လက်ရှိအချိန်ထိ တွန်တာနီမျိုး ၉၆ ဧက၊ မကွေး-၁၆ မျိုး ၇၅ ဧကနှင့် ဗီယက်နမ်မျိုး တစ်ဧက စုစုပေါင်း ၁၇၂ ဧကစိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ငဖဲမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော မြေပဲခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ငဖဲမြို့နယ်အပြင် တခြားဒေသများ၌ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှဝန်ထမ်းများ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် ဗဟုသုတများတိုးပွားရရှိပြီး ကျန်းမာကြံ့ခိုင်စွာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်စေရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ပူးပေါင်းစီစဉ်သည့် ကျန်းမာရေးအသိပညာပေးအစီအစဉ်အရ ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် သွားကျန်းမာရေးဆိုင်ရာဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်က "ဆီးချို သွေးချိုနှင့် သွေးတိုးရောဂါအကြောင်းသိကောင်းစရာ"များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းက "Health and Physical Activities" ကိုလည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားကြသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့် ဦးဆောင်သောအဖွဲ့နှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ နေပြည်တော်သွားနှင့်ခံတွင်းအထူးကုဆေးရုံ အုပ်ကြီး ပါမောက္ခဒေါက်တာခင်မောင် ဦးဆောင်သောအဖွဲ့တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိယာယီဆေးပေးခန်း၌ ဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ သွေးတိုးတိုင်းတာစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်း ရောဂါများကို စစ်ဆေးကုသပေးခြင်းနှင့် သွားတိုက်နည်းစနစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)




# ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၃

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဘွိုင်လာသင်တန်းခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual ဖြင့် တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ဘွိုင်လာနှင့်သက်ဆိုင်သည့်ကျွမ်းကျင်ပညာရှင်များ၊ ဘွိုင်လာစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား)များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတက်ရောက်ထားသူများသည် ကျွမ်းကျင်လက်မှတ်ထုတ်ပေးချိန်တွင် အဆင်သင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်အောင်မြင်ပြီး မိမိလုပ်ငန်းကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်လာနိုင်သည်နှင့်အမျှ လုပ်ငန်းခွင်တွင် ဘွိုင်လာမတော်တဆထိခိုက်မှုများ၊ ပေါက်ကွဲမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စက်ရုံများရှိဘွိုင်လာများကို ထိန်းသိမ်းရာတွင်လည်း စနစ်တကျကျွမ်းကျင်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည့်အတွက် ဘွိုင်လာများပျက်စီးယိုယွင်းမှုနည်းပြီး စက်ရုံ၏ကုန်ထုတ်လုပ်မှုစွမ်းအားများ တိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ခြောက်ပတ်ကြာဖွင့်လှစ်၍ ဌာနဆိုင်ရာနှင့် ပြင်ပသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦး တက်ရောက်မည်ဖြစ်ပြီး မြေပြင်တွင် ဘွိုင်လာများကို စစ်ဆေးနေသည့် အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာမြို့နှင့် ပြင်ဦးလွင်မြို့တို့သို့သွားရောက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များအား တွေ့ဆုံစဉ် လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်သည့် ရှင်းလင်းခြင်း အစည်းအဝေးကို တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာမြို့နှင့် ပြင်ဦးလွင်မြို့တို့သို့ သွားရောက်၍ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များအား တွေ့ဆုံစဉ်နိုင်ငံတော်ဝန်ကြီးချုပ်၏ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လမ်းညွှန်ချက်များနှင့်လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ပူတာအိုခရိုင်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း တွေ့ဆုံညှိနှိုင်း

မြစ်ကြီးနား ဇန်နဝါရီ ၁၃

ပူတာအိုမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပူတာအိုမြို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ကျင်းပသည့် ပူတာအိုခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့်စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသို့တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခန့်ထက်နှင့် တာဝန်ရှိသူများက ခရိုင်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ဖြန့်ဖြူးနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပူတာအိုခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ် လျှပ်စစ်မှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ဥပဒေအတိုင်း ထိန်းသိမ်းပြီး စည်းလုံးညီညွတ်စွာ မိသားစုစိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့်လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစွာဖြင့် ဂရုပြုနေထိုင်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏ တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခရိုင်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၁၅˚C / ၂၉˚C |
| ရန်ကုန် | ၁၆˚C / ၃၀˚C |
| မန္တလေး | ၁၆˚C / ၃၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်းနှင့် ကုသိုလ်တော်ဆည်းပူးခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ကုသိုလ်တော်ဆည်းပူးခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ကြွရောက်ချီးမြှင့်တော်မူသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။



ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံမှ ဒေ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညို၍ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသထံမှ ဒေ့ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆယ်ယူထိန်းသိမ်းခဲ့သည့် ဖိုးသူတော်ကန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြုပြင်ထိန်းသိမ်းသည့် ရှေးဟောင်းအဆောက်အအုံအမှတ်(၇၅၂) ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ပုဂံခေတ်ဗုဒ္ဓတက္ကသိုလ်ဖြစ်သည့် ဆင်ဖြူရှင် Complex အတွင်းရှိရှေးဟောင်းအဆောက်အအုံများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆယ်ယူထိန်းသိမ်းခဲ့သည့် အာမနာကန်နှင့် ရွှေထီးကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းအလိုက် ဆောင်ရွက်ရန် အချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရွှေမုဋ္ဌောဘုရား၊ ဖောင်တော်ဦးဘုရား၊ ရတနာမဥ္ဇူဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အဆိုပါဘုရားများရှိ အာရုံခံသစ်သားတန်ဆောင်းများ ပျက်စီးယိုယွင်းမှုကို အမြင်တင့်တယ်မှုရှိအောင် သပ်သပ်ရပ်ရပ်ဖြင့် ပြင်ဆင်ထိန်းသိမ်းမှုများပြုလုပ်ရန်နှင့် မူလလက်ရာမပျက် အမြန်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကော့သောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့ ဓမ္မိကာရာမတပ်ဦးကျောင်း ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကော့သောင်းမြို့ ဆလုံဘိုးဘွားရိပ်သာ၌ ကျေးရွာသူ၊ ကျေးရွာသားများ၊ ဆလုံဘိုးဘွားများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ အနေဖြင့် ရေလုပ်ငန်းကိုသာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည့်အတွက် လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများနှင့် အရင်းအနှီးရရှိရေး လိုအပ်သည်များ ထောက်ပံ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အပ်ချုပ်စက်သင်တန်းအပါအဝင် လူသုံးကုန်နှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး လိုအပ်သောသင်တန်းများကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆလုံရိုးရာပြခန်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာနှင့် လေးမိုင်အကွာရှိ ရေစုကန်မှ ကျေးရွာသို့ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဇာဒက်ကြီးကျေးရွာရေဆင်းတံတားတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ရုံး၌ ဦးစီးဌာနများမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သွားရောက်ပြီး ယဉ်ကျေးမှုဖလှယ်ပွဲအထိမ်းအမှတ်ဖွင့်လှစ်ထားသည့် ဘာသာစကားဌာနအလိုက် ရိုးရာအစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ယဉ်ကျေးမှုဖလှယ်ပွဲ Culture Exchange 2025 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားကာ ဘာသာစကားအလိုက် ယဉ်ကျေးမှုကပွဲများဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဘာသာရပ်ဌာနများနှင့် တက္ကသိုလ်ပရဝုဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးတို့ကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန် ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# MSME တို့အတွက် ဒစ်ဂျစ်တယ်နည်းပညာ

မြင့်မောင်(Phil-Q)

ယနေ့ခေတ်ဒစ်ဂျစ်တယ်အခင်းအကျင်းပြောင်းလဲဖြစ်ပေါ်မှုက မြန်ဆန်သည်။ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ အောင်မြင်ရေးတွင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုက မလွှဲမရှောင်သာအောင် လိုအပ်လာ၏။ ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲလာမှုက ခေတ်လူတို့၏နေပုံထိုင်ပုံ၊ အလုပ်လုပ်ပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံတို့တွင် ကစားကွက်များ ပြောင်းလဲလာစေ၏။ ဒစ်ဂျစ်တယ်နည်းပညာက MSME များ လုပ်ငန်းတိုးတက်ရေး၊ တိုးချဲ့ရေးအတွက် ကြီးမားသောအခွင့်အလမ်းများ ပေးနေသည်။ သို့သော် စစ်မှန်သည့်ကျွမ်းကျင်မှု၊ အသိပညာတို့ဖြင့် ကျော်လွှားရမည့်စိန်ခေါ်မှုများလည်း ရှိနေ၏။ ဤဆောင်းပါး၏ရည်ရွယ်ချက်မှာ MSME များအတွက် ဒစ်ဂျစ်တယ်နည်းပညာဘာကြောင့်အရေးကြီးသည်၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို လက်ကမ်းကြိုဆိုခြင်းဖြင့် အကျိုးကျေးဇူးမည်သို့ရနိုင်သည်ကို တွေးဆနိုင်ရန်ဖြစ်သည်။

**MSME များအပေါ်သက်ရောက်မှု**

စတုတ္ထမြောက်စက်မှုတော်လှန်ရေးပေါ်ထွန်းလာမှုက စီးပွားရေးကဏ္ဍကြီးတစ်ရပ်လုံး လျင်မြန်လှသည့် ဒစ်ဂျစ်တယ်အသုံးချမှုဖြစ်စဉ်ကြီးကို ဆောင်ကြဉ်းလာ၏။ အဆိုပါဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုသည် MSME များအတွက် ဝင်ပေါက်သစ်များပွင့်လာစေသည်။ ယခင်က စိတ်ပင်မကူးရဲသည့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ခွင့်များ လက်တစ်ကမ်းသို့ ရောက်လာ၏။ စီးပွားရေးကစားကွင်း၌ လုပ်ငန်းကြီးများနှင့်တစ်ပြေးညီ ကစားနိုင်စွမ်းရှိလာစေသည်။


သို့သော် MSME လုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ လက်တွေ့အသုံးချနိုင်စွမ်းမရှိလျှင် လုပ်ငန်းတိုးတက်ကြီးပွားရေးအတွက် အခွင့်အလမ်းအလားအလာများလက်လွှတ်ရကာ လုံးပါးပါးသွားမည့် အခြေအနေမျိုးသို့ ဆိုက်ရောက်လိမ့်မည်ဟု လေ့လာသူများကဆိုကြ၏။

**MSME အောင်မြင်မှုအတွက် ဒစ်ဂျစ်တယ်နည်းပညာ**

ယနေ့ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်ကြီးတွင် MSME များရှင်သန်နိုင်စွမ်းရှိရေးအတွက်ဆိုလျှင် လိုအပ်ချက်ဖြစ်သော ဒစ်ဂျစ်တယ်နည်းပညာပိုင်း ကျွမ်းကျင်လာစေရေးနှင့်ပတ်သက်၍ မိမိတို့ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးက အလွန်ပင်အရေးကြီးသည်။

MSME များတွင် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုရှိလာရေးနှင့်ပတ်သက်သည့် အစီရင်ခံစာတစ်ရပ်၌ ဒစ်ဂျစ်တယ်နည်းပညာကို ထဲထဲဝင်ဝင်အသုံးပြုလိုစိတ်များရှိလာရေးအတွက် လက်တွေ့ကျသော၊ သက်ဆိုင်သောအဆိုပြုချက်များ၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ အားထုတ်လိုစိတ်များဖြစ်ပေါ်စေမည့်အဆိုပြုချက်များ လိုအပ်သည်ဟု မီးမောင်းထိုးပြထားသည်။

ထိုလိုအပ်ချက်နှင့် အံဝင်ခွင်ကျရေးဆွဲထားသည့် သင်တန်းများပေးခြင်း၊ လက်တွေ့ကျသည့်စီမံချက်များဖြင့် ကနဦးပံ့ပိုးပေးခြင်းတို့ဖြင့် အတားအဆီးများ ကျော်လွှားကာ ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်အတွင်းသို့ အင်ပြည့်အားပြည့်ဝင်ရောက်နိုင်မည်ဖြစ်၏။




**ကျွမ်းကျင်မှုကွာဟချက်နှင့် အကောင်းဆုံးအလေ့အကျင့်**

သုတေသနတစ်ခုကျယ်ကျယ်ပြန့်ပြန့်လုပ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်နေသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့မှ ရရှိလာသည့် အဖိုးတန်အသိအမြင်တို့ဖြင့် ဒစ်ဂျစ်တယ်စီးပွားရေး၌ MSME များယှဉ်ပြိုင်နိုင်ရေးနှင့် ကြီးပွားတိုးတက်ရေးအတွက်လိုအပ်သော ကျွမ်းကျင်မှုများကို ဖော်ထုတ်ရရှိခဲ့၏။ AI၊ Cloud၊ ဆိုက်ဘာလုံခြုံရေးနှင့် Data Science ကဲ့သို့သော နည်းပညာပိုင်းတတ်ကျွမ်းနားလည်မှုသည် တစ်ဟုန်ထိုးတိုးတက်လာနေသည့် ကမ္ဘာကြီးတွင် လုပ်ငန်းများ စနစ်တကျလည်ပတ်ရေးအတွက်အရေးပါသည်။ အရာလည်းရောက်သည်။

သို့သော် လက်ရှိကျွမ်းကျင်မှုများနှင့် နည်းပညာဆိုင်ရာ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတို့အကြား ကွာဟချက်ကြီးမားနေသည်ဆို၏။ ယနေ့လုပ်ငန်းခွင်များ၌ ဒစ်ဂျစ်တယ်ပိုင်းကျွမ်းကျင်မှုပို၍လိုအပ်လာသလို ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုများလည်း လိုအပ်ချက်ကကြီးမားသည်။ ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုများဟူသည် ခေါင်းဆောင်မှု၊ တီထွင်ဖန်တီးမှု၊ စိတ်ခံစားချက်ထိန်းချုပ်မှု၊ ပြဿနာဖြေရှင်းမှု၊ ခွဲခြမ်းစိတ်ဖြာစဉ်းစားမှု၊ လိုက်လျောညီထွေကျင့်သုံးနိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်ရေးတို့ဖြစ်ပြီး ယင်းတို့ကို Non-digital skills သို့မဟုတ် Transversal skills ဟု သုံးနှုန်း၏။

ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု မဖြစ်မနေလိုအပ်သည်ဆိုပြီး ထိုအပိုင်းကိုချည်းဖိမလုပ်ဘဲ ဒစ်ဂျစ်တယ်မဟုတ်သော ကျွမ်းကျင်မှုအတွက်လည်း အာရုံစိုက်ပေးရန်လိုမည်။ တစ်ဖက်ကလည်း ဒစ်ဂျစ်တယ်ကျွမ်းကျင် လုပ်သားအင်အားစုများ ပျိုးထောင်မွေးထုတ်ပေးရန် လိုသလို ထိုကျွမ်းကျင်မှုနှစ်မျိုးကြား ကွာဟချက်ကိုပေါင်းကူးပေးရန် သင်တန်းများနှင့် အရည်အသွေးမြှင့်တင်ရေးတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်ရန်လိုမည်ဖြစ်၏။

**အကျိုးကျေးဇူးများ**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို မောင်းနှင်ပေးမည့် ရင်းမြစ်စွမ်းအားစုများအတွက် အခက်အခဲအချို့ရှိနိုင်သော်လည်း ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်ပိုင်နိုင်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးကမူ ထိုနည်းပညာအတွက်ကောင်းကောင်းကြီး ရင်းနှီးမြှုပ်နှံထိုက်သည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုသည် MSME များကို အခြေခံကျကျ ပြုပြင်ပြောင်းလဲနိုင်မည်။ ဒစ်ဂျစ်တယ်နည်းပညာမြင့်မားသည့် MSME များသည် ပွင့်လင်းမြင်သာမှု၊ စီမံခန့်ခွဲရေးဆိုင်ရာအဆုံးအဖြတ်များအပေါ် သဘောတူလက်ခံသည့်နှုန်းထား မြင့်မားသည်ဆို၏။

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာမြင့်မားသည့်လုပ်ငန်းများမှအလုပ်သမားများသည် ယင်းတို့၏အနာဂတ်အလုပ်အကိုင်အတွက် ပို၍အကောင်းမြင်ကြောင်းလည်း လေ့လာတွေ့ရှိရ၏။ ယင်းမှာ အသက်မွေးဝမ်းကျောင်းနှင့် ဘဝတိုးတက်ရေးအပေါ် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု၏ အပြုသဘောသက်ရောက်မှုကို ထင်ဟပ်နေခြင်းဖြစ်၏။ ဒစ်ဂျစ်တယ်ပိုင်းကျွမ်းကျင်မှုသည် အလုပ်သမားများ၏ တစ်ဦးချင်းလုပ်နိုင်စွမ်း မြင့်တက်လာစေသလို MSME များ၏ အလုံးစုံယှဉ်ပြိုင်နိုင်စွမ်းအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်းကို အရှိန်မြှင့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုကို သွက်လက်မြန်ဆန်စေသည်။ ရင်းမြစ်စွမ်းအားစုကို အကျိုးအရှိဆုံးအသုံးချကာ အမြင့်ဆုံးထုတ်လုပ်မှုစွမ်းအားရရှိစေနိုင်သည်။ ဖောက်သည်များအပေါ် ပို၍အာရုံစိုက်လာနိုင်သည်၊ သာဓကအားဖြင့် ဈေးကွက်ရှာဖွေရေးတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် မိမိ၏ရည်စူးဖောက်သည်များနှင့် ပို၍ထိတွေ့နိုင်စွမ်းရှိစေသည်။ အချက်အလက်သရုပ်ခွဲကျွမ်းကျင်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရေရှည်နှင့်ဆက်စပ်လွှမ်းခြုံသည့် လုပ်ငန်းအောင်မြင်ရေး ရည်မှန်းချက်များချမှတ်ရာ၌ အဖိုးမဖြတ်နိုင်သော ထိုးထွင်းသိမြင်မှုများရရှိစေ၏။

**အတားအဆီးများ ကျော်လွှားခြင်းနှင့် လက်ကမ်းကြိုဆိုခြင်း**

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို အပြည့်အဝလက်ခံအသုံးပြုရန် MSME များသည် ဒစ်ဂျစ်တယ်နည်းပညာ ရယူအသုံးချရေး အဟန့်အတားများကို ကျော်လွှားရန်လိုအပ်သည်။ ဒစ်ဂျစ်တယ်ပညာတတ်ကျွမ်းသည့် အလုပ်သမားများမရှိခြင်းက များစွာသောလုပ်ငန်းများအတွက် ကြီးမားသောအတားအဆီးတစ်ခုဖြစ်၏။ ဥရောပနိုင်ငံများ၌ပင် အခြေခံဒစ်ဂျစ်တယ် နည်းပညာပိုင်းကျွမ်းကျင်မှုတွင် အားနည်းမှုရှိနေသည်ဟု လေ့လာသူများကဆိုသည်။ ထိုအချက်က လုပ်သားအင်အားစုများအတွင်း ထိုနည်းပညာပိုင်း ကျွမ်းကျင်မှုမြှင့်တင်ရန် အရေးတကြီးလိုအပ်နေကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်ဟုလည်းဆို၏။

**ဒစ်ဂျစ်တယ်အတွက် ရက်ရွေးမနေသင့်**

MSME များသည် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုရေးကို မြန်နိုင်သမျှမြန်မြန်စတင်သင့်သည်။ ယနေ့ ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် မိမိလုပ်ငန်း ရှင်သန်အောင်မြင်ရေးအတွက် မဖြစ်မနေလိုအပ်သော နည်းပညာဖြစ်၏။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို ယုံကြည်မှုရှိရှိဖြင့်လုပ်ရမည်။ အမှန်တကယ်လိုအပ်သော၊ အရေးပါသော၊ အရာလည်းရောက်စေသော အဆိုပါအရည်အသွေးဖြင့် မိမိတို့ကိုယ်မိမိတို့တပ်ဆင်ရမည်။ သို့မှသာ MSME များသည် အခွင့်အလမ်းသစ်များ ရယူခြင်းဆိုသည့် ရွှေတံခါးကိုဖွင့်နိုင်သည်။ ယှဉ်ပြိုင်မှုများအောင်မြင်နိုင်မည်။ မိမိလုပ်ငန်းကို ရှေ့သို့လှမ်းချီနိုင်မည်။ ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု၏ အကျိုးကျေးဇူးကို တစ်ဦးချင်းစီ၏စွမ်းပကား၊ ကော်ပိုရိတ်အလေ့အထ၊ အလုပ်သမားကျေနပ်မှုနှင့် အလုံးစုံလုပ်ငန်းစွမ်းဆောင်ရည်တို့အထိ ဆက်ချဲ့ရမည်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်း ကျွမ်းကျင်မှုတည်ဆောက်ရာ၌ အတားအဆီးများကို ကျော်လွှားရန် MSME များသည် သင့်တော်သောလေ့ကျင့်သင်ကြားရေးအစီအစဉ်များရေးဆွဲသင်ကြားရန် လိုအပ်သည်။ နည်းပညာ အခြေခံသင်တန်းများနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းများအတွက်ငွေသုံးသင့်သည်၊ သို့မှသာ လုပ်ငန်းထိရောက်မှုနှင့် ထုတ်လုပ်မှုစွမ်းအားမြင့်တက်မည်။ ရှေ့မှဦးဆောင်ယှဉ်ပြိုင်နိုင်မည်။ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ရေရှည်အောင်မြင်စွာရပ်တည်နိုင်မည်ဖြစ်ပါသည်။

အနှစ်ချုပ်ဆိုရလျှင် ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုသည် ရွေးစရာတစ်ခုမဟုတ်ပါ။ ဒစ်ဂျစ်တယ်ခေတ်တွင် MSME တို့ ရှင်သန်ကြီးထွားရေးအတွက် လုပ်ကိုလုပ်ရမည့် နည်းပညာဖြစ်၏။ ဒစ်ဂျစ်တယ်နည်းပညာ အသုံးချရေးကို မြန်နိုင်သမျှ မြန်မြန်စတင်လိုက်ခြင်းက အကောင်းဆုံးပင်ဖြစ်ပါသည်။ ။

# စပ်မျိုးပြောင်းမျိုးသစ်များကို မျိုးစေ့ထုတ်ကုမ္ပဏီများမှရွေးချယ်၍ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ ကွင်းသရုပ်ပြပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၃

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုဖော်ထုတ်ရရှိသော စပ်မျိုးပြောင်းမျိုးသစ်များကို မျိုးစေ့ထုတ်ကုမ္ပဏီများကရွေးချယ်၍ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမနှင့် နှံစားသီးနှံသုတေသနဌာနစုစိုက်ကွင်းတို့၌ ကျင်းပသည်။

အဆိုပါပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခများ၊ သုတေသီများနှင့် ပညာရှင်များ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အရေးကြီးသီးနှံမျိုး (၁၀)မျိုးနှင့် ဈေးကွက်ဝင်သီးနှံများအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်သည် သီးနှံအလိုက် မျိုးသစ်မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး သီးနှံမျိုးသစ်များဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယင်းသီးနှံမျိုးသစ်များကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အခြားနှံစားသီးနှံသုတေသနဌာနစုတာဝန်ခံက ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြုဖော်ထုတ်ရရှိသော စပ်မျိုးပြောင်းမျိုးသစ်များကို မျိုးစေ့ထုတ်ကုမ္ပဏီများမှ ရွေးချယ်၍ စီးပွားဖြစ်မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းသည့် စပ်မျိုးပြောင်းမျိုးသစ်များ စမ်းသပ်ကွက်နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စပ်မျိုးပြောင်းမျိုးသစ်(၁၂)မျိုး၏ မျိုးလိုင်းများကို ကွင်းဆင်းကြည့်ရှု၍ မျိုးရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေအကောင်အထည်ဖော်ရေးကော်မတီ (၁/၂၀၂၅)အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၃

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄)ရှိစုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ်သည် ဝန်ထမ်းများအတွက် ရေရှည်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကိုကော်မတီအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအပေါ်အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ရန်ပုံငွေစနစ်ကျင့်သုံးမည့်ပုံစံနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေကြမ်းဖြစ်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်၊ ဖြည့်စွက်ပြီး ပြန်လည်တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေစနစ် ထူထောင်ဆောင်ရွက်ရာတွင် နောက်ဆုံးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၁၅-၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူနဲ့နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂျူနှံဆားချက်ဖြစ်နေတဲ့ PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

နေပြည်တော် ဇန်နဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၅-၁-၂၀၂၅)ရက် ည ၈ နာရီမှ (၁၂-၁-၂၀၂၅)ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၃၆၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

# မြိတ်မြို့၊ တောကျောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁၀ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ တောကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒအား ဖူးမြော်၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၃

"(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ" ကို "ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ကျန်းမာရေးပြဿနာများဖော်ထုတ်ဖြေရှင်းကြပါစို့ – Moving Forward to a Healthy Lifestyle and Addressing Health Risk Behaviors" ဟူသော ဆောင်ပုဒ်နှင့် ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်–၅ ဗိဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင်အခြေခံသုတေသနစာတမ်း ၂၇ စောင်၊ အသုံးချသုတေသနစာတမ်း ၁၉ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၈ စောင်နှင့် သုတေသနပိုစတာ ၄၃ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

ညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ သုတေသီများတက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲလေးခုနှင့် ဟောပြောပွဲတစ်ခုတို့ကိုလည်းထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတက်ရောက်ရန် ရောက်ရှိနေသော ဦးစီးအရာရှိများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၃



လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာနှင့်မြန်မာ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအခြေအနေအကြောင်းတရားများကိုသိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ မီဒီယာ၏သဘောသဘာဝကိုနားလည်ပြီး မိမိတို့ကိုယ်တိုင်သတင်းမှန်များကို ပိုင်းခြားသိရှိရန်နှင့် ပြည်သူလူထုကို သတင်းအမှန်များ မျှဝေပေးရန်လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

ရှမ်းပြည်နယ်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအတွက် နေပြည်တော်သို့ရောက်ရှိစဉ် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ကိုယ်တိုင်သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ဝန်ထမ်းများကိုယ်တိုင် အတွေးအခေါ်၊ အယူအဆရင့်သန်ရန်နှင့် စိတ်ဓာတ်ကောင်းမွန်ရန်လိုအပ်ပြီး မိမိတို့ဌာန၏လုပ်ငန်းတာဝန်များ ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝန်ထမ်းများ၏တစ်ဦးချင်း စွမ်းဆောင်ရည်များတိုးတက်လာစေရေးသည် အရေးကြီးသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သင်တန်းများ နှစ်စဉ်ဖွင့်လှစ်၍ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးသည်ကို အသိအမှတ်ပြုကြောင်း။

မိမိဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို အချိန်မီပြီးမြောက်အောင် ဆောင်ရွက်သည့်အခါ Hard Skill သာမက Soft Skill ပါ ကျွမ်းကျင်မှုရှိရန် လိုအပ်သဖြင့် အမြဲမပြတ် လေ့လာသင်ယူစေလိုကြောင်း ပြောကြားသည်။

(၅၀၀)

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော် ဇန်နဝါရီ ၁၃

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဥပဒေဆိုသည်မှာ လူအများလိုက်နာကျင့်သုံးရန် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းများဖြစ်သည်ဟု ယေဘုယျအားဖြင့် နားလည်ကြရပြီး နိုင်ငံတော်တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ဥပဒေများကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ အစိုးရအုပ်ချုပ်ရေးယန္တရားလည်ပတ်နိုင်ရေး ပါဝင်ဆောင်ရွက်ကြရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအလိုက် လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ပြီးထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထဲထဲဝင်ဝင်လေ့လာသိရှိကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို ဇန်နဝါရီလ ၁၃ရက်နှင့် ၁၄ရက် နှစ်ရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ဦးရေ ၁၀၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

(၅၀၀)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

❐ ကျောဖုံးမှအဆက်

ရေမြေတောတောင်သဘာဝများ၊ ဒေသထွက် အစားအသောက်များ၊ ဒေသခံများ၏ဖော်ရွေပျူငှာမှုတို့နှင့်အတူ ပန်းပေါင်းစုံတို့သည်လည်း ဖူးပွင့်ဝေဆာမှုတို့ဖြင့် ကောင်းသတင်းဝေဆာသည့်မြို့တစ်မြို့ဖြစ်သည်။ ထို့ပြင် ဆောင်းရာသီ၏ အထင်ကရပန်းတစ်မျိုးဖြစ်သည့် တစ်နှစ်လျှင် တစ်ကြိမ်သာပွင့်သည့် ချယ်ရီပန်းများသည်လည်း တစ်မြို့လုံးဝေဆာအောင် ဖူးပွင့်လေ့ရှိကြသဖြင့်လည်း ချယ်ရီမြို့တော်အဖြစ် လူသိများကြသည်။ ချယ်ရီပန်းများသည် နှစ်စဉ် ဒီဇင်ဘာလ၊ ဇန်နဝါရီလများမှ စတင်၍ ဖူးပွင့်လျက်ရှိကြပြီး ဖေဖော်ဝါရီလ၊ မတ်လအထိ အပင်ပေါ်တွင် အပွင့်များ ဝေဆာစွာတင်ကျန်လေ့ရှိကြပြီး ယခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ချယ်ရီပန်းများ အပွင့်ပွင့်ချိန်နောက်ကျသည်ဟုလည်း ဒေသခံများထံမှ သိရှိရသည်။ ယခုနှစ် ပန်းပွဲတော်ကာလအတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ် အပါအဝင် ပြင်ဦးလွင်မြို့အတွင်း အပန်းဖြေနေရာများ၌ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများ၊




ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။






ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားများသို့ လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်းကိုလည်း သိရှိရသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အထိမ်းအမှတ်နှစ်(၁၀၀)ပြည့် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့်ဇုန်တစ်ဇုန်အပါအဝင် ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မျိုးမှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ မျိုး စုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော်စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာတို့သို့ အနယ်နယ် အရပ်ရပ်မှလာရောက်လည်ပတ်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar aims to export 2.5 million tons of rice in this financial year



YANGON January 13

Myanmar aims to achieve 2.5 million tons of rice exports in the 2024-2025 financial year (April-March).

The Ministry of Commerce has been cooperating with departments and institutions concerned to achieve monthly export targets and beyond, depending on supply volume of rice, broken rice, pulses, corn, rubber and fisheries from the respective companies.

